dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

## DVB TV timetable

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ် ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ် စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to celebrate Water Festivals Wisely?"*

ဖြစ်ပါတယ်။(ဧပြီ ၉၊၂၀၁၆ ရိုက်ကူးသည်။)

❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၉၀၀၀၄၈၈ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ " မြန်မာတို့ရဲ့ နှစ်သစ်ကူးအတာသင်္ကြန်ကို ဘယ်လိုပုံစံနဲ့ ပျော်ရွှင်ဖြတ်သန်းကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

အစိုးရသစ်နဲ့အတူ တက်ရောက်လာခဲ့တဲ့ ရန်ကုန်တိုင်း ဝန်ကြီးချုပ်သစ်ရဲ့ နိဒါန်းဟာ အလုပ်အာ ခတ်တွေနဲ့ စတင်သက်ဝင်ခဲ့ပါတယ်။ နှစ်စဉ်ဆင်နွှဲကြတဲ့ မြန်မာ့ရိုးရာ အတာသဘင်ပွဲကို ဒီနှစ်မှာ ထိန်းချုပ်တင်းကြပ်လိုက်တဲ့ စည်းကမ်းသစ်တွေ ယနေ့ခေတ်လူငယ်တွေနဲ့ လူကြီးကြား အမြင်ကွဲလွဲမှုတွေ ရှိနေတာ တွေ့ရပါတယ်။ ဒ့ါအပြင် သင်္ကြန်ပျော်ရွှင်လိုသူတွေနဲ့ သင်္ကြန်စီးပွား ဖော်ဆောင်သူများဘက်မှ အသံများလည်း ထွက်လာခဲ့ပါတယ်။

နှစ်တစ်နှစ်ရဲ့ ပိတ်ရက်အရှည်ဆုံးရမှုဖြစ်သလို ရိုးရာဓလေ့ထုံးစံအရလည်း နှစ်ဟောင်းကနေ နှစ်သစ်ကူးပြောင်းတဲ့ အထိမ်းအမှတ်တစ်ခုဖြစ်တာကြောင့် သင်္ကြန်ပွဲတော်ဆိုတာ မြန်မာတို့ အတွက် အဓိပ္ပာယ်များစွာရှိနေပါတယ်။ ဒါကြောင့်မို့လည်း ပိတ်ရက်ရှည် ရတဲ့ ဒီအချိန်မှာ ရပ်ဝေးရောက်နေသူတွေအနေနဲ့ ဌာနေရောက် အောင်ပြန်ကြသူတွေ၊ ရေပက်ခံထွက်သူ၊ မဏ္ဍပ် ထိုင်သူ၊ အလှမဏ္ဍပ်တွေ လှည့်လည်ကြည့်ရှုသူ၊ တရားစခန်းဝင်သူ၊ အလှူဒါနပြုသူ စတဲ့ မတူ ညီတဲ့ ပုံစံတွေများစွာနဲ့ ရိုးရာသင်္ကြန်ကို စဉ်ဆက်မပြတ်ဆင်နွှဲလာကြပါတယ်။ ခေတ်အပြောင်း အလဲတွေကြားမှာ သင်္ကြန်ဟာလည်း ပြောင်းလဲလာခဲ့ပြီး အခုနောက်ပိုင်းနှစ်တွေမှာတော့ သင်္ကြန်ရေသဘင်ပွဲ ဆင်နွှဲကြသူများနဲ့ သင်္ကြန်ရေသဘင်ပွဲဆင်နွှဲမှု ပုံစံတွေက မီဒီယာစာမျက် နှာတွေ ထက် ဟိုးလေးတကျော် ဖြစ်ခဲ့တာလည်း တွေ့ရပါတယ်။

၂၀၁၆ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးကိုရှေးရှု၍ မဏ္ဍပ်များကို တစ်နေရာတည်း တွင် စုပြုံဆောက်လုပ်ကျင်းပခြင်း မရှိစေရန်၊ အယ်နီညိုကြောင့် ရေရှားပါးမှု ပြဿနာကိုကြိုတင် ကာကွယ်ရန်အတွက် ရေသုံးစွဲမှုကို ချွေတာလျှော့ချရန်၊ ခရိုင်လေးခုတွင် ခရိုင်ဗဟိုမဏ္ဍပ်များ ပြုလုပ်ပြီး မြို့နယ်များအလိုက် နေရာအနှံ့စည်ကားစွာ ကျင်းပနိုင်ရန်၊ မြန်မာ့ရိုးရာ မဟာ သင်္ကြန်ပွဲတော်အား ခုတုံးလုပ်၍ စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်နေသည့် ကိစ္စများ ပပျောက် စေရန် ၊ သင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်များ အရက်သေစာ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိခိုက်စေမည့် အပြောအဆို ၊ဝတ်စားဆင်ယင်မှုကို ကာကွယ် တားဆီးရန် ၊ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလိုက်နာပြီး အပြုဆောင်သည့် မဟာသင်္ကြန် သံချပ်များပေါ်ပေါက်စေရန်နှင့် မဟာသင်္ကြန်ပွဲတော်တွင် အမှန်တကယ်ရေကစားမည့်သူများအတွက် မဏ္ဍပ်ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်များ ကို အများပြည်သူလွယ်ကူစွာ ရရှိစေရေးအတွက် ပွင့်လင်း မြင်သာမှု ရှိအောင် ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်း ဖြစ်သည်ဟု ရန်ကုန်တိုင်း ဝန်ကြီးချုပ်သစ် ဦးဖြိုးမင်းသိန်းက ဧပြီလ ၂ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့သည်။

အဲဒီထုတ်ပြန်ချက်ထွက်ပြီးနောက်မှာတော့ အရင်က ကျပ်သိန်း ၇၀၀ တန် နေရာတွေဟာ သိန်း ၁၀၀၀၊ ၁၂၀၀ လောက်အထိ ဖြစ်သွားတယ်လို့ ဆိုကြပါတယ်။ လက်ရှိမှာတော့ ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးနေပြီဆိုတဲ့ မြန်မာနိုင်ငံမှာ အတာသင်္ကြန် ဈေးကွက်ဟာ ဈေးမြင့်သွားဖွယ်ရှိလာပြီလို့ ဆိုမှုတွေနဲ့ သင်္ကြန်ပွဲစည်ကားစွာ မဆင်နွှဲရမှာကို ပူနေတဲ့ သင်္ကြန်ဆင်နွှဲလိုသူတွေ၊ အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်မှု ဒဏ်အတွက် စိုးရိမ်ကြသူတွေကတော့ စောင့်ကြည့်စူးစမ်းနေကြပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချမှတ်လိုက်တဲ့ ဒီစည်းကမ်းချက်တွေက တကယ်ပဲ ထိရောက်နိုင်မလား၊ ရိုးရာသင်္ကြန်နဲ့ ဆေးခါးကြီး အတွဲအစပ်နဲ့အတူ ရက်ပိုင်းအတွင်းမှာ ရောက်လာတော့မယ့် သင်္ကြန်ဟာ ဘယ်လိုပုံပြောင်းသွားနိုင်မလဲ၊ ဒ့ါအပြင် မြန်မာတို့ရဲ့ သင်္ကြန်ကို ဘယ်လိုဖြတ်သန်းသင့်သလဲ စတာတွေကို အခုတစ်ပတ်ရဲ့ ဒီဗွီဘီ ဒီဘိတ်က ဆွေးနွေးတင်ဆက်ကြမှာ ဖြစ်ပါတယ်။

## သူတို့အမြင်

"မှန်ကန်တဲ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖြစ်ဖို့ လိုပါတယ်။ ရေပါတီလိုမျိုး ရေတွေပက်ပြီး ပျော်ကြ မြူးကြ မူးကြ ရမ်းကြဖို့ မဟာသင်္ကြန်ကြီး ရှိနေခဲ့တာ မဟုတ်ပါဘူး" **ဦးဖြိုးမင်းသိန်း**

"အစ်ကိုတို့ပြောချင်တာက အားလုံးကို တစ်ပြေးညီ ဖြစ်စေချင်တယ်။ တကယ်လို့ အခုပြည်လမ်းက ကိုယ်ပိုင်ခြံတွေရှေ့မှာ ခွင့်ပြုရင်လည်း ဒါလည်း အလကား မဟုတ်ဘူးလေ။ ပြီးတော့ ကမ္ဘာအေးဘုရားလမ်း၊ ကန်တော်ကြီးပတ်လမ်းမှာ စီးပွားဖြစ်တွေ ကန့်သတ်တယ်ဆိုတာလည်း သိပ်ပြီးတော့ အဆင် မပြေဘူး။ ဒါတွေက နှစ်စဉ်နှစ်တိုင်း စည်နေကျ နေရာလေ။ ခွင့်ပြုနိုင်မယ့် နေရာလေးတွေ ပြန်စဉ်းစားပြီး ဖြေလျှော့ပေးရင်တော့ အကောင်းဆုံးပေါ့"
**ယခုနှစ်သင်္ကြန်အတွက် မဏ္ဍပ်လျှောက်ထားခဲ့သူတစ်ဦး**

"ဖြစ်သင့်တာက မဏ္ဍပ်တွေကို အထိုက်အလျောက် စည်းကမ်းတင်းကျပ်ပေးဖို့ပါပဲ။ အဓိက မူးယစ်ဆေးဝါးကင်းစင်အောင်၊ under age တွေကို ဆေးလိပ်အရက်မရောင်းအောင်၊ မိန်းကလေးငယ်လေးတွေ လုံခြုံမှုရှိအောင်၊ ရန်ပွဲတွေမဖြစ်အောင်၊ လက်နက်ကိုင်ဆောင်မှု မရှိအောင် အာဏာပိုင်တွေက ကြိုးစားထိမ်းသိမ်းပြီး သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက် ပျော် ရွှင်စရာကောင်းပြီး ကမ္ဘာက အားကျရအောင် လုပ်ကိုင်သင့်ပါတယ်။ နောက်တစ်ခုက ရန်ကုန် မဏ္ဍပ်တွေ ကန်တော်ကြီး အင်းလျားနားရောက်သွားကြရတာဟာ ရေအခက်အခဲကြောင့်ပါ။ ကိုယ့်အိမ်ရှေ့၊ ကိုယ့်ရုံးရှေ့ မဏ္ဍပ်ထိုးကြရင်ဖြင့် စည်ပင်ပိုက်ဖောက် ၊ မီးသတ်ပိုက်ဖောက်နဲ့ အကြံနဲ့အတွင်း ရေရှားကြလို့ ရေကန်ကြီးတွေနား ပို့လိုက်ရတယ်ဆိုတဲ့ ရာဇဝင်လေးတော့ သိသင့်ပါတယ်။ **မိုးမိုး** - အနုပညာရှင်

"မဟာသင်္ကြန်မှာ ရေသုံးတာနဲ့ ပတ်သက်ပြီး အသုံးနဲ့ အဖြုန်းကို စိစစ်ပြီးလုပ်ဖို့လိုတယ်။ ဘာ့ကြောင့်လဲဆိုတော့ မဟာသင်္ကြန်ရဲ့ ရေအသုံးဟာ ရန်ကုန်မှာတွက်ကြည့်တာ တော်တော် များ တယ်။ ရန်ကုန်မှာ မြို့နယ်လေးခုရှိတယ်။ အဲဒီမြို့နယ်လေးခုက တစ်ရက်တစ်ရက်ကို ရေဂါလံ ၄၈ သိန်းလောက် ကုန်တယ်။ ဖြစ်ချင်တော့ ဒီနှစ်သင်္ကြန်က ၅ ရက်ဖြစ်နေတော့ ၅ရက် နဲ့ တွက် လိုက်ရင် ဂါလံပေါင်း ၂၄ သန်းလောက် ကုန်မယ်ဆိုတော့ တအားများတယ်။ များတဲ့အထဲမှာ ရန်ကုန်ကိုယ်နှိုက်ကိုယ်က ရေရှားပါးမှု ပြဿနာတွေနဲ့ တွေ့နေရတယ်။ **ဦးထွန်းလွင်**

***Information links:***

www.burmese.dvb.no
www.burma.irrawaddy.org
www.news-eleven.com